# National Coalition Government of the Union of Burma

## ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ

### (၅၈) နှစ်မြောက် ရှမ်းအမျိုးသားနေ့ သို့ ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာ

ခရစ် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ (၇) ရက်နေ့သည် ကျက်သရေ မင်္ဂလာအပေါင်း နှင့် ပြည့်စုံသော (၅၈)နှစ်မြောက် ရှမ်းအမျိုးသားနေ့အခါသမယ ဖြစ်ပေသည်။ ရှမ်းအမျိုးသားတို့၏ ဤသမိုင်းဝင်နေ့မြတ်အခါ သမယ၌ ရှမ်းအမျိုးသား ခေါင်းဆောင်များနှင့်တကွ ရှမ်းတိုင်းရင်းသားပြည်သူလူထု တရပ်လုံးအား ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြစေကြောင်း နှင့် မဝေးလှသော အနာဂတ်တွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ရှမ်းပြည်နယ်သစ် ပေါ်ထွန်းလာပါစေကြောင်း အလေးအနက် ဆန္ဒပြုအပ်ပါသည်။

ယနေ့မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး အသီးသီးတွေ့ကြုံရင်ဆိုင်နေရသော နိုင်ငံရေးပြဿနာမှာ စစ်အာဏာရှင်များ၏ မဟာလူမျိုးကြီးဝါဒကျင့်သုံးမှု၊ တိုင်းရင်းသားလူမျိုးများအား အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပေးရန်အစဉ်တစိုက် ငြင်းဆန်နေမှု၊ နှုတ်မှ ငြိမ်းချမ်းရေးဟု အသံကောင်းဟစ်နေသော်လည်း လက်တွေ့တွင် စစ်အင်အားသုံးဖိုလ်ကျစိုးမိုးလျှက်ရှိပေသည်။ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းအရ ငြိမ်းချမ်းစွာတွေ့ဆုံဆွေးနွေးအဖြေရှာရမည့်အစား၊ အာဏာလက်ကိုင်ထား သူများ၏ အကြမ်းဖက် တိုက်ခိုက် သတ်ဖြတ်မှုများဖြင့် ဖိနှိပ်နေမှုကြောင့် အမျိုးသားတော်လှန်ရေးများ ပေါ်ပေါက်ခဲ့ရခြင်းဖြစ်သည်။ ရှမ်းအမျိုးသားတို့သည်လည်း အခြားတိုင်းရင်းသားများနှင့်လက်တွဲ၍ နှစ်ပေါင်းများစွာ တော်လှန်တိုက်ပွဲ ဆင်နွဲလျှက်ရှိရာ ယနေ့အချိန်အထိ ဖြစ်ပေသည်။ ထို ဂုဏ်ရောင်ပြောင်သော ရှမ်းအမျိုးသားတို့၏ တော်လှန်ရေး စိတ်ဓါတ်ကို ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရက ဤထူးမြတ်သည့် ရှမ်းအမျိုးသားနေ့ အခါသမယတွင် အလေးအနက် မှတ်တမ်းတင်အပ်ပါသည်။

ရှမ်းတိုင်းရင်းသားပြည်သူလူထုတရပ်လုံး၏ လိုလားချက် ဖြစ်သော တရားမျှတရေး၊ တန်းတူရေးနှင့် လွတ်လပ်ရေး တို့ အတွက် အသက် ဘဝ ကိုယ်လက်အင်္ဂါ မြောက်များစွာတို့ဖြင့် စွန့်လွှတ်ပေးဆပ်ကာ တိုက်ပွဲဝင်ခဲ့ကြကုန်သော ရှမ်းအမျိုးသား ခေါင်းဆောင်များ နှင့် ရှမ်းတော်လှန်ရေးသမားအပေါင်းတို့အားလည်း ဤ (၅၈)နှစ်မြောက် ရှမ်းအမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရက အထူးမှတ်တမ်းတင်ဂုဏ်ပြု အပ်ပါသည်။

ရှမ်းတိုင်းရင်းသားများသည် သမိုင်းယဉ်ကျေးမှုအစဉ်အလာကြီးမား၍ သွေးစည်းညီညွတ်မှုရှိသော လူမျိုးနွယ်တရပ် ဖြစ်ပေ သည်။ ထို့ပြင် ရှမ်းတိုင်းရင်းသားတို့သည် မိမိတို့ ဘိုးစဉ် ဘောင်ဆက်တည်ရှိခဲ့သော မျိုးရိုး အစဉ်အဆက် ကို မပျောက်ပျက်အောင် ဆက်လက် ထိန်းသိမ်းလိုကြသည်။ မိမိတို့ဓလေ့ထုံးတမ်း၊ ဘာသာစကား စာပေ၊ အနုပညာယဉ်ကျေးမှု အစရှိသော မျိုးရိုးအမွေ အနှစ်တို့ကို လည်း အစွန်းရှည်အောင် မြှင့်တင်ထိမ်းသိမ်းလိုကြပေသည်။ မိမိတို့ဘိုးစဉ်ဘောင်ဆက် အခြေချနေထိုင်ခဲ့ရာ ရေမြေ ဒေသကိုလည်းအလွန်ချစ်မြတ်နိုးကြပေသည်။ ယဉ်ကျေးမှုမြင့်မား၍မျိုးချစ်စိတ်ထက်သန်သော လူမျိုးဖြစ်သည့်အလျှောက် အမျိုးသား တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး ကိုလည်း တန်ဘိုးထား လိုလားကြပေသည်။ ယင်းရှမ်းအမျိုးသားပြည်သူ လူထု တရပ်လုံး၏ တန်ဘိုးထား လိုလားချက်များ သည် ထိုက်သင့်မှန်ကန်သော ကိစ္စဖြစ်သည့် အလျှောက် လေးလေးစားစား

ဖြည့်ဆည်း ဆောင်ရွက်ပေးရန် အမှန်ပင်လိုအပ်သည်ဟု ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသား ညွန့်ပေါင်းအစိုးရက ယုံကြည်ပေသည်။

၅၅(၅၈)နှစ်မြောက် ရှမ်းအမျိုးသားနေ့ အခါသမယ၌ ကမ္ဘာ့ကုလသမဂ္ဂမှ သံကြီးတမန်ကြီးများ၊ နိုင်ငံတကာ အစိုးရအဖွဲ့များနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ ပြည်တွင်းပြည်ပရှိ တိုင်းရင်းသားအင်အားစုများနှင့် ဒီမိုကရေစီအင်အားစုများက ဒီပဲယင်း အကြမ်းဖက်မှုအပြီး အထိမ်းသိမ်းခံနေရသော ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးအပါအဝင် နိုင်ငံရေးအကျဉ်းသားများပြန်လွတ်ရေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသား အင်အားစုများနှင့် နအဖတို့အကြား နိုင်ငံရေးဆွေးနွေးမှု ဖြစ်ပေါ်စေရေးများအတွက် အထူးဝါယမ စိုက်ထုတ်ဆောင်ရွက်နေကြချိန်ဖြစ်ပေသည်။ စစ်အုပ်စုကမူ ပြည်သူ့ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များကို ချန်လှပ်၍ အတုအယောင်အမျိုးသားညီလာခံကို ဆက်လက်ကျင်းပရန် အားထုတ်နေပေသည်။ ၅၅သို့သော နိုင်ငံရေး အခြေအနေများဖြစ်ပေါ်နေချိန်တွင် ရှမ်းတိုင်းရင်းသား ပြည်သူလူထုကြီးက လက်ရှိ နိုင်ငံရေးပြဿနာများကိုသုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ ဖြေရှင်းနိုင်မည်ဟု ယုံကြည်ကြောင်း စုစည်းဖေါ်ပြချက်မှာ လည်း အချိန်အခါ အခြေအနေနှင့် ကိုက်ညီသည့်သဘောထား ဖြစ်သဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်း အစိုးရက လှိုက်လှဲစွာ ကြိုဆိုအပ်ပေသည်။

သို့ဖြစ်၍ စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေး၊ ဒီမိုကရေစီစနစ်ထွန်းကားရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ဖက်ဒရယ်ပြည်ထောင်စုကြီးပေါ်ထွန်းရေးတည်းဟူသော နိုင်ငံရေးရည်မှန်းချက်များ အောင်မြင်သည်အထိ၊ သွေးစည်းညီညွတ်မှု အစဉ်အလာကြီးမားသော ရှမ်းအမျိုးသားထုကြီးနှင့်အတူလက်တွဲ၍ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရက အထူးဝါယမစိုက်ထုတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၅၅ (၅၈)နှစ်မြောက် ရှမ်းအမျိုးသားနေ့အခါသမယ၌ လေးနက်စွာသန္နိဋ္ဌာန်ပြုလျှက် ဂုဏ်ယူလေးစားစွာ ၅၅သဝဏ်လွှာကို ပေးပို့အပ်ပါသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ**
**ခရစ် ၂၀၀၅ ခုနှစ်၊ ဖေဖေါ်ဝါရီလ(၇)ရက်။**